**Coronavirus Disease 2019 (COVID-19) ရောဂါနှင့်ပတ်သက်၍**
**သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၂၇-၂-၂၀၂၀ ရက်နေ့ထိ)**
**(၂၇-၂-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ**

၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

**(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏(၂၇-၂-၂၀၂၀)ရက်နေ့ မြန်မာစံတော်ချိန် နံနက်**(၁၁:၃၀)နာရီအချိန်ထုတ်ပြန်ချက်)

**ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - ၃၈ နိုင်ငံ**

ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - ၈၁,၁၀၉ ဦး

ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - ၂,၇၆၁ ဦး

ရောဂါဖြစ်ပွားမှုများပြားသောနိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အီရန်နိုင်ငံနှင့် စင်္ကာပူနိုင်ငံတို့ဖြစ်ပါသည်။

၂။ **မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**
**(၂၇-၂-၂၀၂၀ ရက်နေ့၊ ညနေ (၆:၁၅) နာရီ အချိန်ထိ)**

| | **လူနာ ဦးရေ** | **ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ** | | |
|---|---|---|---|---|
| | | **ပိုးတွေ့** | **ပိုးမတွေ့** | **စစ်ဆေးဆဲ** |
| **စောင့်ကြည့်လူနာ** | ၄၀ | - | ၄၀ | - |
| **သံသယလူနာ** | ၂ | - | ၂ | - |
| **စုစုပေါင်း** | ၄၂ | - | ၄၂ | - |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သံသယလူနာနှင့်စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၂) ဦး၊ ရှမ်းပြည်နယ်တွင် (၁၁) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၈) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၁) ဦး စုစုပေါင်း (၄၂) ဦးတို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကိုဆောင်ရွက်ရာ၌ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ဆိပ်ကမ်းများ၊ နယ်စပ် ဝင်ပေါက်၊ ထွက်ပေါက်များတွင်လည်းကောင်း၊ ပြည်သူလူထုအခြေပြု၍လည်းကောင်း၊ ပြည်သူ့ဆေးရုံများနှင့်

ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများအခြေပြု၍လည်းကောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများအား အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် **COVID-19 ရောဂါကြိုတင်ပြင်ဆင်မှုအနေဖြင့်** ဗဟိုအဆင့်ဆေးရုံကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ တွင် အထူးကြပ်မတ်ကုသဆောင်များ (Intensive Care Unit-ICU)၊ သီးခြားထားရှိကုသဆောင် (Isolation Ward)၊ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းတို့ကို **ဝယ်ယူဖြန့်ဖြူးလျက်ရှိပြီး ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၊ အလှူရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။**

၆။ **COVID-19 ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအနေဖြင့်** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပိုစတာ၊ လက်ကမ်းစာစောင်၊ စတစ်ကာ၊ ဗီနိုင်း စသည့် ကျန်းမာရေးပညာပေးအထောက်အကူပစ္စည်းများကို ပြုစုထုတ်ဝေခဲ့ပြီး ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးသို့ ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ COVID-19 ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေးသတင်းအချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/MyanmarCDC) တို့တွင် QR Code ကို Scan ဖတ်၍ ရယူနိုင်မည်ဖြစ်ပါသည်။ ယခုအချိန်အထိ ၎င်း QR Code အား Scan ဖတ်၍ ကြည့်ရှုသူပေါင်း (၃၇၀,၀၀၀) ခန့်ရှိပြီဖြစ်ပါသည်။ ထို့အပြင် နိုင်ငံပိုင်သတင်းမီဒီယာများ၊ ရေဒီယိုများနှင့် တိုင်းရင်းသားဘာသာစကား ကဏ္ဍတို့တွင်လည်း ကျန်းမာရေးပညာပေးသတင်းအချက်အလက်များကို စဉ်ဆက်မပြတ် ထုတ်လွှင့်ဖော်ပြလျက်ရှိပါသည်။

၇။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ COVID-19 ရောဂါ ခတ်ခွဲ အတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ကိုရီးယားသမ္မတနိုင်ငံ၊ အီရန်နိုင်ငံ၊ အီတလီနိုင်ငံ အစရှိသည့်နိုင်ငံများတွင် ရောဂါဖြစ်ပွားသူများ ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အလားတူအခြေအနေမျိုးအချိန်၊ နေရာမရွေး၊ လူအများ၌ ကူးစက်ဖြစ်ပွားနိုင်ပါသည်။

၈။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားသူလူနာ မတွေ့ရှိသေးသော်လည်း -

- နိုင်ငံအချို့၌ COVID-19 ရောဂါ လူနာများနှင့် အနီးကပ် ထိတွေ့ခဲ့ခြင်း (သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသနိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်ရှိခြင်းစသည့် သိသာထင်ရှားသောအထောက်အထားများ မတွေ့ရှိရသူများတွင် ရောဂါ ကူးစက်ဖြစ်ပွားမှုများကိုတွေ့ရှိနေရမှု၊
- လူစုလူဝေးများပြားသော နေရာများတွင် COVID-19 ရောဂါ ဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာ မပြသသေးသော်လည်းရောဂါရှိသူတစ်ဦးထံမှ အခြားသူ တစ်ဦးထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်မှု၊
- မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူများ ရုတ်တရက် တစ်ပြိုင်နက်တွေ့ရှိလာနိုင်မှ ပြည်သူများ အတွင်း၌ ကူးစက်ဖြစ်ပွားနိုင်မှုတို့ကြောင့် ပြည်သူများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်များ ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင် များကိုသာ ပြုလုပ်ကြပါရန် နှင့်

(ဂ) အကယ်၍ ထိုသို့ပွဲလမ်းသဘင်များ မလွှဲမရှောင်သာကျင်းပရပါက ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော် ချက်များကို တိကျစွာစနစ်တကျ လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော် ပန်ကြားအပ် ပါသည်။